မည်သူမဆို နေရာတစ်ခု၌ စခန်းချသည့်အခါ **“أَعُوْذُ بِكَلِمَاتِ اللّٰهِ التَّامَّاتِ مِنْ شَرِّ مَا خَلَقَ”** (အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံတော်မူသော ကလိမဟ်တော်များအားဖြင့် (အလ္လာဟ်အရှင်မြတ်) ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံ ခပ်သိမ်းတို့၏ ဘေးအန္တရာယ်မှ အရှင်မြတ်ထံ ကျွန်တော်မျိုး ခိုလှုံခွင့် တောင်းခံပါ၏။) ကိုရွတ်ဆိုပါက ၎င်းသူထိုနေရာမှ မထွက်ခွါသေးသ၍ မည်သည့်အရာကမျှ သူ့အား ဆိုးကျိုးတစ်စုံတစ်ရာ ပေးနိုင်မည်မဟုတ်ပေ။

ခေါင်လဟ် ဗင်န်သိ ဟကီးမ် အတ်စ်စုလမိယ္ယဟ် (ရဿိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ ကျွန်မသည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိရသည်မှာ - မည်သူမဆို နေရာတစ်ခု၌ စခန်းချသည့်အခါ “أَعُوْذُ بِكَلِمَاتِ اللّٰهِ التَّامَّاتِ مِنْ شَرِّ مَا خَلَقَ” (အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံတော်မူသော ကလိမဟ်တော်များအားဖြင့် (အလ္လာဟ်အရှင်မြတ်) ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံ ခပ်သိမ်းတို့၏ ဘေးအန္တရာယ်မှ အရှင်မြတ်ထံ ကျွန်တော်မျိုး ခိုလှုံခွင့် တောင်းခံပါ၏။) ကိုရွတ်ဆိုပါက ၎င်းသူထိုနေရာမှ မထွက်ခွါသေးသ၍ မည်သည့်အရာကမျှ သူ့အား ဆိုးကျိုးတစ်စုံတစ်ရာ ပေးနိုင်မည်မဟုတ်ပေ။

[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိအွမ္မသ်သားများအား လမ်းခရီးတွင်လည်းကောင်း၊ အပန်းဖြေရာတွင်လည်းကောင်း၊ အခြားကိစ္စတစ်စုံတစ်ရာကြောင့်လည်းကောင်း နေရာတစ်ခုတွင် စခန်းချရပ်နားသည့်အခါ လူတို့ကြောက်ရွံ့သော မကောင်းသည့် အရာတိုင်းမှ ကင်းဝေးစေရန်အတွက် အကျိုးရှိသော ခိုလှုံမှုတောင်းခံခြင်းကို သင်ကြားပေးတော်မူသည်။ ၎င်းမှာ အလွန်မွန်မြတ်လှသော၊ ဗရ်ကသ်မင်္ဂလာများ၊ ကောင်းကျိုးများနှင့်ပြည့်စုံလှသော၊ ချို့ယွင်းချက်အားနည်းချက်တို့မှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကလိမဟ်တော်များဖြင့် အဖန်ဆင်းခံတိုင်း၏ ဘေးအန္တရာယ်များမှ ခိုလှုံခွင့်ရယူခြင်းဖြစ်သည်။ ဤသို့ဖြင့် ထိုသူသည် ထိုစခန်းချသည့်နေရာတွင် ရှိနေသမျှကာလပတ်လုံး ဒုက္ခဆိုးကျိုးပေးနိုင်မည့်အရာအားလုံးမှ လုံခြုံမှုရရှိသွားမည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/5932